ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးဦးစီးဌာန

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန

အကြောင်းအရာ။ **ဆေးဝါးမှတ်ပုံတင်ခြင်းကိစ္စ။**

ရည် ညွှန်း ချက်။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန၏ (၁၃-၂-၂၀၁၂) ရက်စွဲပါ စာအမှတ်၊ အစဆ/ ၁(က) ၂၀၁၂/၂၇၄။

၁။ အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနသည် ရည်ညွှန်းပါစာဖြင့် ဆေးဝါးမှတ်ပုံတင်ခြင်းကိစ္စနှင့် ပတ်သက်၍ ကုမ္ပဏီများမှ လိုက်နာရမည့်အချက်များကို အကြောင်းကြားထားခဲ့သော်လည်း ယခုတိုင်အများစုမှာ လိုက်နာမှုမရှိကြောင်း တွေ့ရှိရပါသည်။

၂။ ထို့အပြင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနသို့ ဆက်သွယ်ဆောင်ရွက်သူများမှာ ဆေးဝါးကိစ္စနှင့် လုပ်ငန်းကျွမ်းကျင်မှုမရှိသောကြောင့် စာရွက်စာတမ်းလိုအပ်ချက်နှင့် ပတ်သက်၍ အခက်အခဲများဖြစ်နေသဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနအတွက် ပိုမိုဝန်ထုပ်ဝန်ပိုးအနေနှင့် ကြုံတွေ့ရင်ဆိုင်နေရပါသည်။

၃။ ဆေးဝါးများမှတ်ပုံတင်(အသစ်)ကိစ္စတွင် ASEAN ACTD Format Document ကို ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလမှစ၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအချိန်တွင်(၆)လကြာမြင့်ပြီ ဖြစ်ပါ၍ ၂၀၁၃ ခုနှစ် ဇွန်လမှစ၍ ACTD Format မဟုတ်လျှင် မှတ်ပုံတင်ခြင်းကို **လက်ခံမည်မဟုတ်** ပါကြောင်း အသိပေးအပ်ပါသည်။

၄။ ဆေးဝါးနမူနာများအပ်နှံရာတွင်လည်း ဆေးဝါးသက်တမ်းသည် သတ်မှတ်ကာလပြည့်မှီမှုမရှိခြင်း၊ အင်္ဂလိပ်ဘာသာဖြင့် Label မဟုတ်ခြင်းတို့ အပ်နှံနေဆဲဖြစ်ပါသဖြင့် နောင်တွင်အဆိုပါကိစ္စများအတွက် ဆေးဝါးမှတ်ပုံတင်ခြင်းကို လက်ခံခြင်းပြုမည်မဟုတ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

26/3/13

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(ဒေါက်တာဇော်ဝင်း၊ ညွှန်ကြားရေးမှူး)

စာအမှတ်၊ အစဆ/၁(ဆ၀) ၂၀၁၃/၁၃၃၇

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မေလ( ၁၆ )ရက်။

ဖြန့်ဝေခြင်း။

ဥက္ကဋ္ဌ၊ ဆေးနှင့်ဆေးပစ္စည်းကုန်သည်ကြီးများနှင့်လုပ်ငန်းရှင်အသင်း။
(ဆေးကုမ္ပဏီများသို့ ထပ်ဆင့်ဖြန့်ဝေအကြောင်းကြားပေးပါရန်)

မိတ္တူကို - ဆေးဝါးအကြံပေးကော်မတီဝင်များ။

D:\fda backup\2013-TZ\DAC-DRUGS-2013-NS.doc